# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ

စာအမှတ် ၁၂/ မလရ-၁ (၃၇၀/ ၂၀၁၈)
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ၊ (၃၀) ရက်

**အကြောင်းအရာ။ ဗဟိုကော်မတီ၏ ခွင့်ပြုမိန့်မရရှိဘဲ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများကို ရယူအသုံးပြုလျက်ရှိသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား အသိပေး အကြောင်းကြားခြင်း။**

၁။ ပြည်ထောင်စုလွှတ်တော်သည် မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေ (၂၀၁၈ ခုနှစ်) ကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ (၁၁) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါသည်။

၂။ ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ) တွင် "ဗဟိုကော်မတီ၏ ခွင့်ပြုမိန့် မရရှိဘဲ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ရယူအသုံးပြုလျက်ရှိသော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည် -

(၁) မိမိရယူ လုပ်ကိုင်အသုံးပြုလျက်ရှိသော မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းဧရိယာနှင့် ၎င်းတို့နှင့် စပ်လျဉ်းသော အသေးစိတ် အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး မြေလွတ်၊ မြေလပ် နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိရန် မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကိုပြင်ဆင်သည့် ဥပဒေ (၂၀၁၈ ခုနှစ်) ပြဋ္ဌာန်းသည့် နေ့မှစ၍ ခြောက်လအတွင်း သတ်မှတ်ချက် နှင့်အညီ ဗဟိုကော်မတီ (သို့မဟုတ်) သက်ဆိုင်ရာ စီမံခန့်ခွဲရေး ကော်မတီ သို့ လျှောက်ထားရမည်။

(၂) ပုဒ်မခွဲငယ် (၁) ပါအတိုင်း လျှောက်ထားဆောင်ရွက်ခြင်း မရှိလျှင် ဖြစ်စေ၊ လျှောက်ထားသော်လည်း ခွင့်ပြုမိန့် မရရှိလျှင် ဖြစ်စေ၊ အဆိုပါမြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ သိမ်းယူခြင်း၊ ဖယ်ရှားခြင်း ခံရမည်။

(၃) ပုဒ်မခွဲငယ်(၁) ပါအတိုင်း သတ်မှတ်ကာလအတွင်း လျှောက်ထားခြင်းမရှိဘဲ အဆိုပါ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်း များ အပေါ်တွင် ဆက်လက်၍ ရယူလုပ်ကိုင် အသုံးပြုလျှင်သော်လည်းကောင်း၊ ယင်းသို့လျှောက်ထားသည့်အခါ ဗဟိုကော်မတီ (သို့မဟုတ်) သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီက ခွင့်ပြုရန်မသင့်သည့်အတွက် အဆိုပါ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်း များ ပေါ်မှတွက်ခွာဖယ်ရှားစေရန် ညွှန်ကြားသည့်အမိန့်ကို မလိုက်နာဘဲ ဆက်လက်ရယူ အသုံးပြုလျှင်သော်လည်းကောင်း ဤဥပဒေအရ အရေးယူခြင်း ခံရမည်" ဟု ပြဋ္ဌာန်းထားရှိပါသည်။

၃။ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများကို ခွင့်ပြုမိန့်မရရှိဘဲ စိုက်ပျိုးရေး မွေးမြူရေး လုပ်ငန်းများကို လက်ရှိလုပ်ကိုင်အသုံးပြုလျက် ရှိသော မြေဧရိယာများနှင့်ပက်သက်၍ ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအနေဖြင့် -

(က) စိုက်ပျိုးရေးလုပ်ငန်းအတွက် ဧက (၃၀၀) ထက်ပိုသော မြေဧရိယာ၊ မွေးမြူရေးလုပ်ငန်းအတွက် ဧက (၅၀) ထက်ပိုသော မြေဧရိယာ၊ တတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများကို မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီသို့လည်းကောင်း၊

(ခ) စိုက်ပျိုးရေးလုပ်ငန်းအတွက် ဧက (၃၀၀) အထိ မြေဧရိယာနှင့် မွေးမြူရေးလုပ်ငန်းအတွက် ဧက (၅၀) အထိ မြေဧရိယာများကို သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီ များသို့ လည်းကောင်း၊ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိနိုင်ရေးအတွက် လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ ဥပဒေပုဒ်မ ၂၇-က တွင် "ဗဟိုကော်မတီ၏ ခွင့်ပြုမိန့်မရရှိဘဲ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများကို အသုံးပြုသူ မည်သူမဆို ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃) ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၂)နှစ် ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်း ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဟု ပြဋ္ဌာန်းထားရှိပါသည်။

၅။ သို့ဖြစ်ပါ၍ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများကို ခွင့်ပြုမိန့်မရရှိဘဲ စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများကို လက်ရှိလုပ်ကိုင် အသုံးပြုလျက်ရှိသော မြေဧရိယာများနှင့် ပက်သက်၍ ပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများသည် မိမိရယူအသုံးပြုလျက်ရှိသော မြေလွတ်၊မြေလပ် နှင့် မြေရိုင်းဧရိယာများနှင့် သက်ဆိုင်သည့် လိုအပ်သောအချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိရန် မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်) ပြဋ္ဌာန်းသည့် နေ့မှစ၍ ခြောက်လအတွင်း၊ ဥပဒေနှင့်အညီ ဗဟိုကော်မတီ (သို့မဟုတ်) သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီများသို့ အမှန်တကယ် စိုက်ပျိုးရေး မွေးမြူရေး လုပ်ကိုင်ဆောင်ရွက်ထားရှိသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကိုယ်တိုင် လျှောက်ထားဆောင်ရွက်စေရေး အလေးထား ကြိုးကြပ်ဆောင်ရွက်ကြပါရန် အကြောင်းကြားပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)
(သက်နိုင်ဦး၊ အတွင်းရေးမှူး)

မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန